ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့ (8-3-2012) (၇၀၅၈)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဟာမင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညို

## သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းများ လောင်းလှူ

နေပြည်တော် မတ် ၇

**၂၀၁၂ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ အစဉ်အလာမပျက် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ သာသနာတော်ကို ကြည်ညိုသက်ဝင်ကုန်ကြသော ရဟန်းရှင်လူ ပြည်သူအပေါင်း နှလုံးပီတိဂွမ်းဆီထိပမာ ကြည်နူးဝမ်းမြောက်ခဲ့ကြရပေသည်။**

မြန်မာ့သာသနာ့သမိုင်းတွင် ပုဂံခေတ်မှသည် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်သို့တိုင် ခေတ်အဆက်ဆက်၌ သာသနာတော်ကိုကြည်ညိုကြသော မင်းအစိုးရအဆက်ဆက်တို့သည် "အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂပဏ္ဍိတ၊ ဒိသာပါမောက္ခ သီရိမဟာစတုရင်္ဂဗလ၊ သုဓမ္မမဟာသာမိ၊ ရာဇဂုရု၊ မဟာဓမ္မရာဇဂုရု၊ မဟာဓမ္မ ရာဇာဓိရာဇဂုရု၊ ဓမ္မသေနာပတိ"အစရှိသော ဘွဲ့တံဆိပ်တော်များနှင့် ပထမစာတော်ချ၊ ဒုတိယစာတော်ချ၊ တတိယစာတော်ချ အစရှိသည့် ဘွဲ့တံဆိပ်တော်များကို သာသနာတွင် ထင်ရှားထူးခြားသော ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းခဲ့ကြပေသည်။

ထို့အတူ "သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသော ဂုဏ်ပြုပူဇော်ထိုက်သည့် ဂုဏ်အင်္ဂါအထူးတို့ဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး၊ လူပုဂ္ဂိုလ်မြတ်တို့အား ချီးမြှောက်ကော်ရော်ပူဇော်သိမှတ်ဂုဏ်ပြုအပ်၏" ဟူသော ဒေသနာတော်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဗုဒ္ဓမြတ်စွာနှင့် ရှေးသာသနာပြုမင်းတို့၏ ထုံးနည်းစနစ်ကို လိုက်နာကျင့်သုံးလျက် ဗုဒ္ဓမြတ်စွာသာသနာတော်၌ ပရိယတ္တိတာဝန်၊ ပဋိပတ္တိတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်းပြည်ပမှ ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာ လှူဒါန်းထောက်ပံ့ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသိကာမတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လျက်ရှိသည်။

ယခင်အစိုးရလက်ထက်တို့တွင်လည်း ဘွဲ့တံဆိပ်တော်အမျိုးအစားများ အသစ်တီထွင်ပြဋ္ဌာန်းခဲ့ပြီး ပြည်တွင်းပြည်ပသာသနာတော်ဆိုင်ရာ ထူးခြားသောဂုဏ်အရည်အချင်းနှင့် ပြည့်စုံသည့် ရဟန်းတော်များ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား နှစ်စဉ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆရာတော်ထံ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်းခဲ့သကဲ့သို့ နိုင်ငံတော်ကို တည်ဆောက်ရာ၌ ကဏ္ဍပေါင်းစုံမှ ထူးထူးကဲကဲ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ထိုက်တန်သောဂုဏ်ထူးဆောင်ဘွဲ့များကို အပ်နှင်းချီးမြှင့်ခဲ့သည်။

၂၀၁၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

အဆိုပါမဟာမင်္ဂလာအခမ်းအနားများသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမူန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့◆**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။**(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၈-၃-၂၀၁၂[ကြာသပတေးနေ့]။

# အနှစ်သာရဆောင် ပကာသနရှောင်

**အနှစ်**ဟူသည့်စကားရပ်ကို ပင်စည်အတွင်းရှိ မာကျောသည့်အသား၊ ကြက်ဥ၊ ဘဲဥစသည်၏ အကာရည်အတွင်း၌တည်သောအရာ၊ သေးငယ်သော အဖတ်များနှင့် ရောနှောနေသည့် အရည်ပျစ်ဟူ၍ ရှင်းလင်းရေးသားထားသည်။ ထို့အတူ **အနှစ်သာရ**နှင့် စပ်လျဉ်း၍လည်း လေးနက်မှု၊ တန်ဖိုးရှိမှု၊ ကောင်းမွန်မှု စသည်တို့ကို ရည်ညွှန်းထားကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အမှန်တကယ် တန်ဖိုးထားရမည့်အရာကို ဖော်ညွှန်းရာ၌ "အကာက အချစ်၊ အနှစ်က မေတ္တာ"စသည်ဖြင့် အကာနှင့်အနှစ်ကို ခွဲခြားသိမြင်နိုင်ရန် မီးမောင်းထိုးပြ ယှဉ်တွဲသုံးစွဲတတ်ကြသည်။

ပကာသနဟူသည့် အသုံးအနှုန်းနှင့်စပ်လျဉ်း၍မူ ပေါ်လွင်ထင်ရှားအောင် ဂုဏ်ဖော်ပြသမှုဟူ၍ ယေဘုယျ သဘောပေါက်ထားကြသည်။ မည်သည့်အရာကိုမဆို အနှစ်မဲ့ အကျိုးမထူးသည့်တိုင် နဂိုမူလအဆင့်အတန်း၊ အခြေအနေ၊ ဂုဏ်ပုဒ်ထက် ပို၍ပို၍ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှားဖြစ်စေရန် တန်ဆာဆင်ခြင်း၊ မွမ်းမံခြယ်သခြင်း၊ အနီးအဝေးမှပင် သိရှိထင်သာမြင်သာရန် ဝိုင်းဝန်းအားထုတ်ထားခြင်းများပင်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

မျက်မှောက်အချိန်အခါကဲ့သို့ ခေတ်သစ် စနစ်သစ် နိုင်ငံသစ်ကို တည်ဆောက်နေရချိန်တွင် အသားပါပါ အနှစ်ရှိရှိ လုပ်ရပ်မျိုးကိုသာ ဦးစားပေးလုပ်ကိုင်သင့်သည်။ သဘောတရားလည်းရှိ လက်တွေ့ပါသည့်အလုပ်များသာ တွင်တွင်ကျယ်ကျယ် လုပ်ဆောင်သင့်ကြသည်။ အနှစ်သာရရှိရှိ အားထုတ်သင့်ကြောင်း အာပေါက်အောင် ဟောပြောနေရုံဖြင့်မပြီးဘဲ အပြောရောအလုပ်ပါ ကျွဲကူးရေပါ တစ်ကြိမ်တည်း လုပ်ကိုင်ကြရပေမည်။ အနှစ်သာရရှိသည့် လုပ်ရပ်များ လုပ်ကိုင်နိုင်ရေးအတွက် နေရာဒေသ၊ အခြေအနေ၊ အချိန်အခါနှင့် ကိုက်ညီမည့် အစီအမံများ ချမှတ်ဖော်ဆောင်ရန် လိုအပ်မည်ဖြစ်သည်။

အမြင့်တစ်ခုကို လှေကားဖြင့် တက်လှမ်းရာတွင် အောက်ခြေလှေကားထစ်များမှ အဆင့်ဆင့်တက်လှမ်းကြရခြင်းဖြစ်သည်။ လှေကားထစ်များ အဆင့်ဆင့်ခိုင်ခံ့ကောင်းမွန်ရန် လိုအပ်သည်။ အခြေမခိုင် ယိမ်းယိုင်ယိုယွင်းမှုများရှိနေလျှင် အောက်ခြေမှသည် အဆင့်တိုင်း ပြုပြင်ထိန်းသိမ်းသွားကြရပါမည်။ ယင်းသို့ ပြုပြင်ဆောင်ရွက်ရာတွင် အပေါ်ယံကြော့ပကာသနလုပ်ဆောင်မှုများမဖြစ်အောင် ရှောင်ရှားကြရပါမည်။ လုပ်ငန်းနှင့်နီးနွယ်သူအားလုံးက စိတ်ဓာတ်ကောင်း၊ စေတနာကောင်း၊ လုပ်ရပ်ကောင်းများဖြင့် သက်သေပြကြရန် လိုအပ်ပါမည်။

ပမာအားဖြင့် မြို့ပြလူနေမှုအဆင့်အတန်းမြင့်မားရေး၊ ကျန်းမာသန့်ရှင်းရေး ကြိုးပမ်းရာတွင် "မြို့ရွာ အိမ် ကျောင်း သန့်ရှင်းကြောင်း စုပေါင်းအမှိုက်သိမ်း"ဆိုင်းဘုတ်တင်ထားရုံဖြင့် ထိရောက်မှုမရှိနိုင်ပါ။ ကျေးလက်၊ ရပ်ကွက်၊ မြို့နယ်တိုင်းရှိ ပြည်သူတိုင်းက အမှိုက်သရိုက် အညစ်အကြေးများ စနစ်တကျစွန့်ပစ်ရေး၊ စွန့်ပစ်အမှိုက်များ အချိန်မီရှင်းလင်းရေး၊ စည်းကမ်းမဲ့ပြုမူမှုများအား ထိထိရောက်ရောက်အရေးယူရေး၊ ပြည်သူအားဖြင့် မနိုင်သည့် ရေမြောင်းကြီးများ ရှင်းလင်းရေး၊ အန္တရာယ်ရှိသစ်ကိုင်းများ ရှင်းလင်းရေး စသည့်လုပ်ငန်းများတွင် လူတိုင်းကိုယ်စီ ပါဝင်လုပ်ကိုင်ကြရန် လိုအပ်မည်ဖြစ်သည်။

ထို့အတူ ယာဉ်တိုက်မှုကင်းမဲ့ဇုန်၊ မူးယစ်ဆေးဝါးကင်းစင်နယ်မြေ၊ ခြင်ကျားကင်းစင်ကျောင်းစသည် စသည်ဆောင်ပုဒ်များ ရေးသားသတိပေးထားသည်မှာ ကောင်းပါသည်။ အားလုံးလိုက်နာ ကျင့်သုံးကြရန်လိုပါသည်။ အခြား အခြားသော စက်ရုံ၊ အလုပ်ရုံလုပ်ငန်းဌာနများတွင်လည်း ဆိုင်ရာဆိုင်ရာ လိုက်နာဆောင်ရွက်သင့်သည်များ ရေးသားချိတ်ဆွဲထားကြသည်များ ရှိပါသည်။ ဆိုင်းဘုတ်တင်၊ ထုံးသုတ်၊ အသံချဲ့စက်ဖွင့် ပညာပေးလှုံ့ဆော်ရုံဖြင့် ပြည့်စုံလုံလောက်မည်မဟုတ်ပါ။ အခြေခံလုပ်ငန်းများမှသည် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများအထိ အမြင်လည်း ကောင်း၊ အလုပ်လည်း အောင်မြင်၊ အကျိုးရလဒ်လည်း ဖြစ်ထွန်းနိုင်မည့် အနှစ်သာရရှိသော လက်တွေ့လုပ်ငန်းများဖြင့်သာ ထိထိရောက်ရောက် ကြိုးပမ်းသင့်ကြောင်း ရှုမြင်ပါသည်။ ။

# ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် အောင်မြင်ပြီးမြောက်ခြင်းအထိမ်းအမှတ် ရေစက်ချမင်္ဂလာအခမ်းအနားနှင့် ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၇

**ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် အောင်မြင်ပြီးမြောက်ခြင်းအထိမ်းအမှတ် ရေစက်ချအနုမောဒနာ မဟာမင်္ဂလာအခမ်းအနားနှင့် ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ အောင်မြေဗဟိုမဏ္ဍပ်၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်၎င်းတို့၏ ဇနီးများ၊ နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးစိန်ဝင်းအောင်က ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးအောင်မြင်ပြီးမြောက်ကြောင်း ဇယမင်္ဂလာအနုမောဒနာနှင့် ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀)ပြည့် အထိမ်းအမှတ်ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းဆိုင်ရာ ထောမနာစာတမ်းကို ဖတ်ကြားလျှောက်ထားပြီး သဘင်အနုပညာရှင် မန္တလေးသိန်းဇော်က ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀) ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီး အောင်မြင်ပြီးမြောက်ခြင်းဆိုင်ရာ ဇယမင်္ဂလာ ဧကပိုဒ်ရတုဖြင့် ပူဇော်သည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက် သီဟိုဠ်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသထံမှ ပရိသတ်တို့က နဝင်္ဂသီလခံယူဆောက်တည်ပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်သည့် မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသော ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက် သီဟိုဠ်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသ၊ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘဏနှင့် ပုဇွန်တောင်မြို့နယ် မြသိန်းတန်ပရိယတ္တိစာသင်တိုက် သောဘနာဝါသကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘနတို့အား ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် သိင်္ဂုတ္တရ ပဝရသိရီ မဟာဓမ္မရာဇာဘွဲ့တံဆိပ်တော်ကို ဆက်ကပ်တော်မူသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့်တာဝန်ရှိသူများက ဆရာတော်များအား လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ နာဂလိုဏ်ဂူ ကလေးဝတောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသထံမှ ပရိသတ်တို့က ရေစက်ချ အနုမောဒနာတရားနာကြားကြ၍ ရေစက်ချအမျှပေးဝေကြပြီး ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီး အောင်မြင်ပြီးမြောက်ကြောင်း အောင်သြဘာစာတမ်းကို ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်တွင် နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ သိင်္ဂုတ္တရ ပဝရသိရီ မဟာဓမ္မရာဇာ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်စဉ်။**
(သတင်းစဉ်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

# စာကြည့်တိုက်များအတွက် စာအုပ်ဈေးရောင်းပွဲတော် ကျင်းပမည်

**ရန်ကုန် မတ် ၇**

ကျေးရွာ စာကြည့်တိုက်များနှင့် ဘုန်းတော်ကြီး စာသင်ကျောင်းများတွင် လိုအပ်သည့် မြန်မာစာအုပ်များအား အလှူရှင်များ ဝယ်ယူလှူဒါန်းနိုင်ရန်အတွက် Myanmar Book Centre ၏ စာအုပ်ဈေးရောင်းပွဲတော်ကို မတ် ၁၀ ရက်မှ ၁၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ အလုံမြို့နယ် ဗဟိုလမ်း အမှတ် (၅၅) ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဈေးရောင်းပွဲအစီအစဉ်မှာ ဝယ်ယူသူအကြိုက်ဖြစ်သည့် Book-Buffet ပြုလုပ်မည့်နေရာတွင် ကျပ် တစ်သောင်းတန် ၁၂"×၁၀"×၃" အရွယ်ရှိ အိတ်နှင့် ကျပ် နှစ်သောင်းတန် ၁၆"× ၁၀ . ၅" × ၃ . ၅" အရွယ်ရှိ အိတ်များကို ဝယ်ယူပြီး အိတ်အပြည့် မိမိစိတ်ကြိုက်စာအုပ်များ ရရှိမည့်အစီအစဉ်ဖြစ်သည်ကို တွေ့ရသည်။ ထို့ပြင် အနုပညာ၊ သိပ္ပံ၊ ဆေး၊ Engineering စာအုပ်များ၊ အချက်အပြုတ်နှင့် ကလေးစာအုပ်များကို အထူးလျှော့ဈေးဖြင့် ရောင်းချမည်ဖြစ်ပြီး ကြိုက်နှစ်သက်ရာ စာအုပ်များကို တစ်အုပ်ချင်းလည်း ရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ ဆိုင်ခွဲများတွင် အဖွဲ့ဝင်များအား ၁၅ ရာခိုင်နှုန်းနှင့် အဖွဲ့ဝင်မဟုတ်သူများအား ၁၀ ရာခိုင်နှုန်း ဈေးလျှော့ရောင်းချမည်ဖြစ်သည်။ အဆိုပါစာအုပ်ဆိုင်မှ မြန်မာစာအုပ် သုံးသောင်းကျော်နှင့် အင်္ဂလိပ်စာအုပ် ငါးသောင်းကျော်ကို စာကြည့်တိုက် ၄၀၀ ကျော်သို့ လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)



# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၇ - ၃ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၇၉၀ | ၀. ၀၃၂၄၉ |
| တရုတ် (ယွမ်) | ၆. ၃၁၁၁၄ | ၀. ၁၅၈၄၅ |
| အိန္ဒိယ (ရူပီး) | ၅၀. ၂၈၆၈ | ၀. ၀၁၉၈၉ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၃၁၇၃ | ၀. ၃၂၉၈၄ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၆၁၄၈ | ၀. ၇၉၂၇၂ |
| ဂျပန် (ယန်း) | ၈၀. ၉၀၂၂ | ၀. ၀၁၂၃၆ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၄. ၉၅ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၆၁၇၅ | ၁. ၃၁၂၇၆ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၅၈၅ | ၁. ၅၇၂၆၉ |

အင်တာနက်။

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၈-၃-၂၀၁၂ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဉပ္ပါတသန္တိပါဠိတော်
- ၈း၀၀ ၂။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
- ၈း၀၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၂၀ ၄။ "မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ"
- ၈း၃၀ ၅။ (၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၆။ International News

**ညပိုင်း**

- ၄း၃၀ ၁။ အကပြိုင်ပွဲ
- ၄း၄၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (စိတ်ပညာ အထူးပြု) (စိတ်ပညာ)
- ၅း၁၀ ၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅း၂၅ ၄။ (၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၃၅ ၅။ "(၄၉)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ မြန်မာ့ပုလဲပြခန်း"
- ၆း၁၅ ၆။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၇။ ပျော်ရွှင်စေသောနေ့ရက်များ "နှလုံးသားမှချစ်ပန်းခိုင်" (အပိုင်း-၂)
- ၆း၃၅ ၈။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၃၈) (ဇာတ်သိမ်း)
- ၇း၄၀ ၉။ "ချင်းတွင်းအနောက် ခရီးတစ်ခေါက်"
- ၈း၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
- ၁၂။ အစာလည်းဆေး၊ ဆေးလည်းအစာ
- ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသချေ" (အပိုင်း-၁၂)
- ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး"(အပိုင်း-၃၈)

# မြေအုတ်တို့နေရာ ဘိလပ်မြေအုတ်အစားဝင်

**မန္တလေး မတ် ၇**

နိုင်ငံ၏ဖွံ့ဖြိုးလာမှု၊ လူနေမှုပုံစံမြင့်မားလာမှုတို့ကြောင့် နေ့စဉ်လိုအပ်သော အုတ်ထုတ်လုပ်မှုအတွက် ထင်းလိုအပ်ချက်ကို တိုင်းဒေသကြီးတစ်ခုလုံးနှိုင်းယှဉ်ကြည့်လျှင် သစ်တောပြုန်းတီးမှုပမာဏ၊ သဘာဝမြေပျက်စီးမှုပမာဏ များပြားလာသည်။

ယခုအခါ သဘာဝသစ်တောနှင့်မြေသယံဇာတများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်သောအားဖြင့် မြေအုတ်လုပ်ငန်းများနေရာတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နှင့်ပြင်ဦးလွင်မြို့နယ်တို့တွင် ဘိလပ်မြေနှင့်သဲ အချိုးကျရောစပ်ပြီး စက်ဖြင့် ရိုက်နှိပ်ထုတ်လုပ်သော ဘိလပ်မြေအုတ်များ ဈေးကွက်ဝင်လာသည်။ မြေအုတ်တစ်ချပ်လျှင် ငွေကျပ် ၉၀ ဝန်းကျင်ဈေးရှိပြီး ခိုင်ခံ့သည့်ဘိလပ်မြေအုတ်များကို ငွေကျပ် ၈၀ နှုန်းဖြင့် ရောင်းချနေသဖြင့် မန္တလေးမြို့ပြတည်ဆောက်ရေးတွင် အသုံးများလာကြောင်း သိရသည်။ သီဟကိုကို(မန္တလေး)



တပေါင်းလပြည့်နေ့က ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)




# တပေါင်းလပြည့်နေ့အခါသမယတွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ ပုထိုး၊ စေတီတော်တို့၌ ကုသိုလ်ပုညပြုကြသူများဖြင့် စည်ကား

နေပြည်တော် မတ် ၇

**ယနေ့ တပေါင်းလပြည့်နေ့အခါသမယတွင် နေပြည်တော်ရှိ ဘုရား၊ ပုထိုး၊ စေတီတော်တို့၌ ဗုဒ္ဓပူဇနိယပွဲတော်များကို ကျင်းပလျက်ရှိပြီး နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပြင်ရှိ ဥပ္ပါတသန္တိစေတီတော်၌ နံနက်ပိုင်းတွင် စတုဒ္ဒိသအကြိမ် ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပသည်။ ညနေပိုင်းတွင် ဘုရားရှင်အား ရည်မှန်း၍ ဥပ္ပါတသန္တိစေတီတော်အား ဆီမီး(၉၀၀၀) ဖြင့် ထွန်းညှိပူဇော်ကာ နေပြည်တော်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ဝတ်အသင်းအဖွဲ့များ၊ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များက ဗုဒ္ဓဒေသနာတော်များ ရွတ်ဆိုပူဇော်၍ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းကြသည်။**

ထို့ပြင် စေတီတော်၌ ဒါနသီလ ကုသိုလ်ပုညပြုကြသူများ၊ သမထ၊ ဝိပဿနာ ဘာဝနာ ပွားများကြသူများဖြင့်လည်း အထူးစည်ကားများပြားလျက်ရှိသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ ဆုတောင်းပြည့်လောကမာရဇိန် စေတီတော်၌လည်း ပျဉ်းမနားမြို့ သံလမ်းကျောင်းတိုက် ဆရာတော်နှင့် ပွဲတော်ကျင်းပရေးနာယကအဖွဲ့ဝင် ဆရာတော်များ ကြီးမှူး၍ (၁၃၉)ကြိမ်မြောက် ဆုတောင်းပြည့်လောကမာရဇိန်စေတီတော် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကျင်းပကာ ဆရာတော် သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။ သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်ကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ပုညဆည်းပူးကြသူများ၊ မိသားစုအလိုက် ဘုရားဖူးကြသူများဖြင့် စည်ကားလျက်ရှိသည်ကိုလည်း တွေ့ရသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ခတ္တစယ (ခတ်ပေါင်းစု) စေတီတော်နှင့် စေတီတော်ပရိဝုဏ်အတွင်းရှိ မဟာမုနိရုပ်ရှင်တော်၌ လည်းကောင်း၊ ပျဉ်းမနားမြို့ရှိ သမိုင်းဝင်ဘုရားကိုးဆူစေတီ၊ ကိုးခန်းကြီးဘုရားနှင့် လှေခွင်းတောင်စေတီတော်တို့၌ လည်းကောင်း သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်ကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုပြုကြသူများ၊ ဘုရားဖူးကြသူများဖြင့် စည်ကားလျက်ရှိသည်။

ရန်ကုန်မြို့ရှိ ဘုရား၊ ပုထိုး၊ စေတီများ၌လည်း တပေါင်းလပြည့်နေ့တွင် ကုသိုလ်ကောင်းမှုပြုကြသူများ၊ ဥပုသ်သီလဆောက်တည်ကြသူများ၊ သမထ၊ ဝိပဿနာဘာဝနာတရားများ ပွားများအားထုတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

သိင်္ဂုတ္တရ ကုန်းတော်ပေါ်ရှိ ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယ ပွဲတော်ကို (၁၅)ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ယနေ့နံနက် ၅ နာရီတွင် ရင်ပြင်တော် ရာဟုထောင့် ဗဟိုမဏ္ဍပ်နှင့် ရင်ပြင်တော် ထောင့်လေးထောင့်တို့၌ ပန်း ၂၆၀၀၊ ရေချမ်း ၂၆၀၀၊ ဆီမီး ၂၆၀၀ တို့ဖြင့် အရုဏ်ဆွမ်း ဆက်ကပ်၍ ကုသိုလ်ကောင်းမှု အစုစုတို့အတွက် ရေစက်ချအမျှပေးဝေခြင်းနှင့် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ပိတ်ပွဲအခမ်းအနားကို နံနက် ၉ နာရီတွင် ရင်ပြင်တော် ရာဟုထောင့်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ထို့အတူ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်နှင့် ဆူးလေစေတီတော်တို့၌လည်း ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ ရွှေဘုန်းပွင့် စေတီတော်၌ အရုဏ်တက်တွင် ဆရာတော်သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ဆွမ်း၊ သစ်သီး၊ မုန့်မျိုးစုံတို့ဖြင့် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပူဇော်ကာ ညနေ ၄ နာရီတွင် ပင့်သံဃာတော် အပါး(၁၃၀)နှင့် သီလရှင် အပါး(၃၀)တို့အား ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။

ထို့အပြင် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၌ စေတီရံ(၁၁၇)ဆူအား လုံးတော်ပြည့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းကာ ညပိုင်းတွင် ဆီမီး(၅၀၀၀)ဖြင့် ပူဇော်သည်။

စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ သီရိမင်္ဂလာကမ္ဘာအေး စေတီတော်၊ မဟာဝိဇယစေတီတော်၊ ကိုးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ငါးထပ်ကြီးဘုရားများ၊ ကျိုက္ကဆံစေတီတော်၊ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၊ ဥက္ကလာပစေတီတော်၊ မယ်လမုဘုရား၊ ကျိုက္ကလို့၊ ကျိုက္ကလဲ့၊ ကျောက်တန်း ကျိုက်မှော်ဝန်း ရေလယ်ဘုရား၊ သန်လျင် ကျိုက်ခေါက်စေတီတော်၊ ပါဒကြီးဘုရား၊ တွံတေးမြို့ ရွှေဆံတော်ဘုရား၊ ခရမ်းမြို့ သွန်းဘုရားကြီးအပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားပုထိုးစေတီများ၊ နိုင်ငံတစ်ဝန်းရှိ ဘုရားပုထိုးစေတီများ၌ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

(သတင်းစဉ်)

# ကြို့တင်မဲဟုဆိုရာတွင်. . .

**ကိုကိုအောင်**

ယနေ့ မြန်မာနိုင်ငံသည် ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးစ နိုင်ငံတစ်ခုဖြစ်ပါသည်။ စစ်မှန်သော ဒီမိုကရေစီလမ်းကြောင်းမှန်ကို လျှောက်လှမ်းနိုင်ရန် နိုင်ငံသားအားလုံးက ဒီမိုကရေစီ၏ အနှစ်သာရများကို လေ့လာသိရှိထားကြရပါမည်။

ဒီမိုကရေစီဟူသည် Demo Critia ဟူသည့် လက်တင်ဘာသာစကားဖြစ်ပြီး Demo အများပြည်သူ၊ Critia အုပ်ချုပ်ခြင်းဟု အဓိပ္ပာယ်ရသည်။ အမေရိကန်သမ္မတ အီဗရာဟင်လင်ကွန်းက ဒီမိုကရေစီကို Government of the People, by the People, for the People ပြည်သူ့အတွက် ပြည်သူရွေးသော ပြည်သူ့အစိုးရဖြင့် အုပ်ချုပ်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။

ပြည်သူတို့ပိုင်စိုးသည့် အချုပ်အခြာအာဏာကို ပြည်သူ့ဆန္ဒအစစ်အမှန်ဖြင့် ရွေးကောက်တင်မြှောက်ခံရသည့် ပြည်သူ့ကိုယ်စားလှယ်များက စီမံဆောင်ရွက်အုပ်ချုပ်သော အုပ်ချုပ်ရေးပုံစံကို ဒီမိုကရေစီစနစ်ဟု ခေါ်သည်ဆိုပါလျှင် ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းလုပ်ငန်းသည် ဒီမိုကရေစီ၏ အစဦးတာထွက် (Starting Point) ဟု ဆိုနိုင်ပါသည်။

**တစ်နည်းအားဖြင့်-**

ဒီမိုကရေစီ အစစ်အမှန်၊ ရွေးကောက်ပွဲတွင် အခြေခံ၊ လွတ်လပ်မျှတ ဆောင်ရွက်ရန် အထူးပင်အရေးကြီးသည် မဟုတ်ပါလား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ ၃၈ ၌ "နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်"ဟု လည်းကောင်း၊ "ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်"ဟု လည်းကောင်း နိုင်ငံတော်၏ အခြေခံမူများအဖြစ် ဖော်ပြ ပြဋ္ဌာန်းထားသည်။

ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၉) ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ ပုဒ်မ ၃၉၁ (က)တွင်လည်း "ရွေးကောက်ပွဲစတင်ကျင်းပသည့် နေ့ရက်၌ အသက် ၁၈ နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်"ဟု နိုင်ငံသားများ၏ ရပိုင်ခွင့်တစ်ရပ်အဖြစ် ပြဋ္ဌာန်းဖော်ပြထားကြောင်း တွေ့ရသည်။

ထို့ကြောင့် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေပါ ရပိုင်ခွင့်များကို ရရှိကျင့်သုံးနိုင်စေရန် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများတွင် ပုဒ်မ ၆ ၌ "အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများသည် အမျိုးသား၊ အမျိုးသမီး မရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်-

(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံ လက်မှတ်ကိုင်ဆောင်ထားသူ၊

(ခ) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူ"ဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၁(က)နှင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ တို့နှင့် ညီညွတ်သည့် နိုင်ငံသားတိုင်းသည် ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရရှိကြသည်မှာ အခြေခံဥပဒေပါ လူ့အခွင့်အရေးများ ဖြစ်ပါသည်။

ဤသို့ ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်းသည် ဥပဒေနှင့်အညီ နိုင်ငံသားအားလုံး ရပိုင်ခွင့်ရှိသည့် အခွင့်အရေးဖြစ်ပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံသို့ ကိုယ်တိုင်လာရောက်မဲပေးနိုင်သူရော၊ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်လာရောက်မဲမပေးနိုင်သူပါ ခံစားခွင့်ရှိသည့် တန်းတူအခွင့်အရေးဖြစ်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေများတွင် ကြို့တင်မဲပေးပိုင်ခွင့်နှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းချက်များ ထည့်သွင်းပြဋ္ဌာန်းထားရခြင်း ဖြစ်ပါသည်။

ဤဆောင်းပါးတွင် အသိမိတ်ဆွေများက ကြို့တင်မဲနှင့် စပ်လျဉ်းပြီး သိလို၍ မေးမြန်းမှုများကို ဥပဒေတွင် မိမိဖတ်ရှုနားလည်သလောက် အတိုချုပ် ရှင်းလင်းဖြေကြားသွားပါမည်။

မေး။ ကြို့တင်မဲဆိုတာ ဘာလဲ။

ဖြေ။ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူက မဲရုံသို့ ကိုယ်တိုင်မလာရောက်နိုင်သဖြင့် ကြို့တင်ဆန္ဒပြုထားသော မဲလက်မှတ်ကို လုံခြုံစွာပိတ်ထားသော စာအိတ်ဖြင့် ထည့်၍ ပေးပို့သော မဲလက်မှတ်ဖြစ်ပါတယ်။

မေး။ လူတိုင်း ကြို့တင်မဲပေးခွင့်ရှိသလား။

ဖြေ။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၃ နှင့် နည်းဥပဒေ ၃၉(ဆ)တို့အရ ရွေးကောက်ပွဲတွင် (ဥပဒေနှင့်အညီ) ကြို့တင်မဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူမှအပ ဆန္ဒမဲပေးမည့်(အခြား)သူများသည် မဲရုံသို့ ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးရမည်။ မည်သူမျှ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်းမပြုရလို့ ပြဋ္ဌာန်းထားပါတယ်။ ဒါ့ကြောင့် ကြို့တင်မဲပေးခွင့်ရှိကြောင်း ဥပဒေက ခွင့်ပြုထားသူများသာ ကြို့တင်မဲပေးနိုင်ပါတယ်။ ဥပဒေအရ ခွင့်ပြုထားသူမဟုတ်ရင် မဲရုံမှာပဲ မဲပေးရပါမယ်။

မေး။ ဘယ်လိုလူမျိုးတွေက ကြို့တင်မဲပေးနိုင်သလဲ။

ဖြေ။ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅ (က)၊ ပုဒ်မ ၄၆ နှင့် ၄၇ တို့ပါ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေသော မဲဆန္ဒရှင်များနဲ့ ပုဒ်မ ၄၅ (ခ)၊ (ဂ)ပါ မဲဆန္ဒနယ်အတွင်း၌ရှိသော်လည်း ခရီးဝေးသွားသူများ၊ အကြောင်းအမျိုးမျိုးကြောင့် မဲရုံသို့ ကိုယ်တိုင်မလာရောက်နိုင်သူများဟာ ကြို့တင်မဲပေးခွင့်ရှိပါတယ်။ ထပ်ပြီး ရှင်းအောင်ပြောရရင် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅ (က) ပုဒ်မ ၄၆ နှင့် ၄၇ တို့အရ-

(က) **မဲဆန္ဒနယ်ပြင်ပရောက်** ကြို့တင်မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များကတော့-

(၁) မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများ၊
(၂) မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊
(၃) မဲဆန္ဒနယ်ပြင်ပရောက် သင်တန်းသားများ၊
(၄) မဲဆန္ဒနယ်ပြင်ပရောက် အချုပ်ခံနေရသူများ၊
(၅) မဲဆန္ဒနယ်ပြင်ပရောက် ဆေးရုံတက်ရောက်ကုသနေသူများ၊
(၆) မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များ (ရက်ပေါင်း ၁၈၀ ထက်မနည်း)
(၇) အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော မဲဆန္ဒရှင်များ။

ဒီအမျိုးအစား (၇) မျိုးအနက် အမှတ်စဉ် (၆)မှအပ ကျန်အမျိုးအစား (၆)မျိုးကတော့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှာ ကြို့တင်မဲပေးကြရမည့် အမျိုးအစားတွေ ဖြစ်ပါတယ်။ ဒါ့အပြင် အမှတ်စဉ်(၁) တပ်မတော်သားများနှင့် အတူနေ မိသားစုဝင်များနဲ့ အမှတ်စဉ်(၆) မဲဆန္ဒနယ် ပြင်ပရောက် အခြားမဲဆန္ဒရှင်များမှအပ ကျန် (၅)မျိုးဟာ ပုံစံ (၁၅)နဲ့ ကြို့တင်မဲတောင်းခံကြရပါမယ်။

(ခ) **ပုဒ်မ ၄၅ (ခ)နှင့် (ဂ)အရ မဲဆန္ဒနယ်အတွင်း၌** ရှိသော်လည်း ကြို့တင်မဲပေးပိုင်ခွင့်ရှိတဲ့ မဲဆန္ဒရှင်တွေကတော့-

(၁) ရွေးကောက်ပွဲ ကျင်းပသည့်နေ့၌ မိမိအမည်စာရင်းပါရှိရာ မဲဆန္ဒနယ်မှ ကျော်လွန်၍ ခရီးဝေးသွားလာရန်ရှိခြင်း၊
(၂) အနာကြီးရောဂါစွဲကပ်နေခြင်း၊
(၃) ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရခြင်း၊
(၄) အသက်အရွယ်ကြီးရင့်နေခြင်း၊
(၅) သားဖွားနေခြင်း၊
(၆) ရဲ အချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရခြင်း၊
(၇) ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှု ခံယူနေရခြင်း၊
(၈) နိုင်ငံ့ဝန်ထမ်း သို့မဟုတ် တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် မဲစာရင်း ပါရှိရာဒေသမှ ကျော်လွန်၍ ယာယီတာဝန်သွားရောက်ထမ်းဆောင်ရခြင်း စတဲ့ အခြေအနေရှိတဲ့ မဲဆန္ဒရှင်တွေလည်း ကြို့တင်မဲပေးပိုင်ခွင့် ရှိကြပါတယ်။

ဒီအမျိုးအစား (၈)မျိုးကတော့ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံမှာ ကြို့တင်မဲပေးကြရတာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကွဲကွဲပြားပြားသိစေလိုတဲ့အချက်ကတော့ (က)အုပ်စုမှာပါတဲ့ အမှတ်စဉ်(၄) အချုပ်ခံနေရသူ၊ အမှတ်စဉ်(၅) ဆေးရုံတက်နေသူ စတာတွေနဲ့ အုပ်စု(ခ)ရှိ အမှတ်စဉ်(၆)အချုပ်ခံနေရသူ၊ အမှတ်စဉ်(၇) ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံနေရသူတို့ဟာ မတူညီကြပါဘူး။

<u>အုပ်စု(က)</u>အမျိုးအစားကတော့ သက်ဆိုင်ရာ မဲဆန္ဒနယ်ရဲ့ပြင်ပမှာရှိတဲ့ အချုပ်စခန်း၊ အကျဉ်းစခန်း၊ ဆေးရုံတွေမှာ ရောက်ရှိနေတာမို့လို့ ၎င်းတို့မဲစာရင်းပါရှိရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ ဆက်သွယ်ပြီး ကြို့တင်မဲတောင်းခံ /ပေးပို့ရပါတယ်။

<u>အုပ်စု(ခ)</u>မှာပါတဲ့ အမျိုးအစားတွေကတော့ မိမိရဲ့ မဲဆန္ဒနယ်အတွင်းမှာပဲ အချုပ်ခံ/ဆေးရုံတက်နေရသူများ ဖြစ်ပါတယ်။ မဲရုံကို ကိုယ်တိုင်မလာရောက်နိုင်တဲ့အတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံမှာ ကြို့တင်မဲတောင်းခံပြီး မဲပေးနိုင်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်။)**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်  မတ်  ၇

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ကြီးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

မဲဆန္ဒရှင်ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မကြာတော့တဲ့ကာလမှာ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပတော့မှာဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများအနေနဲ့ မဲဆန္ဒပေးဆုံးဖြတ်ရာမှာ အထောက်အကူဖြစ်စေဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအကြောင်းကို အကျဉ်းချုံးပြီး တင်ပြပါမယ်။

မိမိတို့ပါတီဟာ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနဲ့ ဖွဲ့စည်းထားတဲ့ပါတီ မဟုတ်ဘဲ ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ရေးဆွဲပြဋ္ဌာန်းထားရှိပြီး မူဝါဒ၊ လုပ်ငန်းစဉ်များကို စနစ်တကျချမှတ်ကျင့်သုံးနေတဲ့ပါတီဖြစ်ပါတယ်။ ပါတီက စွဲကိုင်ထားတဲ့ ဝါဒက လူအများကောင်းစားရေးဝါဒ၊ လမ်းစဉ်က ပြည်သူ့အကျိုးပြုမြန်မာ့လမ်းစဉ်၊ ကျင့်စဉ်ကတော့ အစွန်းတရားများကို ရှောင်ရှားတဲ့ မဇ္ဈိမပဋိပဒါကျင့်စဉ်တို့ပဲ ဖြစ်ပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဟာ တောင်သူလယ်သမား၊ အလုပ်သမား၊ လူငယ်နဲ့အမျိုးသမီးများကို အခြေခံထားပြီး အသိပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံ့ဝန်ထမ်းများနဲ့ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အကျိုးဖြစ်ထွန်းစေဖို့ ကျယ်ပြန့်တဲ့ စည်းရုံးရေးအမြင်နဲ့ ဖွဲ့စည်းထားတဲ့ပါတီဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေနဲ့ ရွေးကောက်ပွဲ ကြေညာစာတမ်းကို ပြည်သူများထံတင်ပြထားပြီး ဖြစ်ပါတယ်။ ဒီကြေညာစာတမ်းဟာ နိုင်ငံတော်နဲ့ ပြည်သူများအတွက် မိမိတို့ပါတီက မည်သို့မည်ပုံအကျိုးပြုသွားမယ်ဆိုတာကို မဲဆန္ဒရှင်ပြည်သူများအား "ကတိကဝတ်"ပြုထားခြင်းဖြစ်ပါတယ်။

မိမိတို့ပါတီဟာ စစ်မှန်တဲ့ဒီမိုကရေစီကို လိုလားတဲ့အားလျော်စွာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်း ဟူသော လောကပါလတရားများအပေါ် အခြေခံတဲ့ လူ့အခွင့်အရေးများရရှိခံစားစေမှာဖြစ်ပါတယ်။

အခြေခံ လူ့အခွင့်အရေးဆိုရာမှာ နိုင်ငံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ လူမှုရေးတရားမျှတမှုများ အကျုံးဝင်ပါရှိကြမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် အခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာဖွင့်ဟပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ စည်းရုံးနိုင်ခွင့်၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်ခွင့်၊ နိုင်ငံအတွင်း လွတ်လပ်စွာမှီတင်းနေထိုင်နိုင်ခွင့်နဲ့ လွတ်လပ်စွာဝမ်းစာရှာမှီးနိုင်ခွင့်စသည်တို့ အကျုံးဝင်ပါရှိစေရပါမယ်။ အခွင့်အလမ်းလည်း ညီမျှစေရပါမယ်။ တရားဥပဒေအရာမှာ မည်သူမျှအခွင့်ထူးခံမဖြစ်စေဘဲ ညီမျှစေရပါမယ်၊ ဒီအချက်များကို ဖြည့်ဆည်းရာမှာ နိုင်ငံတော်ရဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာများရဲ့ အရေးပါမှုကို အသိအမှတ်ပြုလျက် အားပေးထောက်ကူသွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

လူထုလူတန်းစားများအပေါ် မိမိတို့ပါတီက ထားရှိတဲ့သဘောထားများကို တင်ပြလိုပါတယ်။ ရှေးဦးစွာ တိုင်းပြည်ရဲ့ လူများစုကြီးဖြစ်တဲ့ တောင်သူလယ်သမားများနဲ့ ပတ်သက်တဲ့ သဘောထားကို တင်ပြပါမယ်။ အခြေခံဥပဒေအရ မြန်မာနိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမှာဖြစ်တဲ့အတွက် တောင်သူလယ်သမားများအနေနဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ မိမိတို့ဆန္ဒအရ သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် သိုလှောင်ရောင်းချခွင့်ရှိစေရမှာဖြစ်ပါတယ်။

လယ်ယာမြေများကို ဥပဒေမဲ့ သိမ်းယူခြင်းမရှိစေရန် ကာကွယ်ပေးသွားပါမယ်၊ အကယ်၍ နိုင်ငံတော်အကျိုးအတွက် မလွှဲမရှောင်သာ ဆောင်ရွက်ရန်လိုအပ် လာပါက သင့်လျော်တဲ့ နစ်နာကြေးများရရှိစေရပါမယ်၊ စိုက်ပျိုးစရိတ် ချေးငွေများ သင့်တင့်မျှတစွာ ရရှိစေရပါမယ်၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစတဲ့ ပံ့ပိုးပစ္စည်းများ ဝယ်ယူရာမှာ မျှတတဲ့ ဈေးနှုန်းဖြစ်စေရေးနဲ့ ထုတ်လုပ်တဲ့သီးနှံများရောင်းချရာမှာ သင့်လျော်တဲ့ ဈေးနှုန်းများ ရရှိရေးတို့ကို ဆောင်ရွက်သွားပါမယ်။ တောင်သူလယ်သမားများ ရသင့်ရထိုက်တဲ့ အခွင့်အရေးများ မဆုံးရှုံးစေရေးနဲ့ တိုးတက်ရရှိခံစားနိုင်စေရေးတို့ကို ဆောင်ရွက်သွားပါမယ်။

လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်ရေးနဲ့ တောင်သူလယ်သမားများ၏ ဘဝရှင်သန်ဖွံ့ဖြိုးရေးအတွက် လယ်လုပ်သူ လယ်ပိုင်ခွင့်ရှိစေရမှာဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များ ရည်မှန်းချက်နဲ့အညီ အောင်မြင်ရေးအတွက်လည်း မိမိတို့ပါတီက ပူးပေါင်းပါဝင် ဆောင်ရွက်သွားပါမယ်။ ဒ့ါအပြင် တောင်သူလယ်သမားများရဲ့အကျိုးကို ရပ်တည်ကာကွယ်ဖော်ဆောင်ပေးနိုင်မယ့် စည်းလုံးညီညွတ်တဲ့ တောင်သူလယ်သမားအဖွဲ့အစည်းကြီး ပေါ်ထွန်းလာရေးကို မိမိတို့ပါတီက လိုလားပါတယ်။ လိုအပ်သလို အားပေးထောက်ကူမှုများ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

အလုပ်သမားများနဲ့ ပတ်သက်တဲ့ မိမိတို့ပါတီရဲ့သဘောထားကို ဆက်လက်တင်ပြပါမယ်။ အလုပ်သမားများရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ရာမှာ ဥပဒေပါ ရပိုင်ခွင့်များ ကာကွယ်မြှင့်တင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံ့ဝန်ထမ်းများနဲ့ အလုပ်သမားများရဲ့ လုပ်ခလစာ၊ အငြိမ်းစားလစာနဲ့ အခြားအကျိုးခံစားခွင့်များကို အခြေခံကုန်ဈေးနှုန်းများနဲ့ မျှတမှုရှိအောင် ဆောင်ရွက်သွားပါမယ်။ ဥပဒေနဲ့အညီ အလုပ်သမားကိုယ်စားပြု အဖွဲ့အစည်းများ မှန်ကန်စွာပေါ်ထွန်းလာရေးကို အားပေးထောက်ကူသွားမှာ ဖြစ်ပါတယ်။

လူငယ်များအရေးနဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြသွားပါမယ်။ လူငယ်များဟာ နိုင်ငံတော်ရဲ့တာဝန်များကို ပခုံးပြောင်းရယူကြရမယ့် သားကောင်းရတနာများ ဖြစ်ကြပါတယ်။ အနာဂတ်ရဲ့ မျိုးဆက်သစ်များကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ နယ်ပယ်အသီးသီးမှာ ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်က အားထားလောက်တဲ့ အင်အားစုများ ဖြစ်လာအောင် ပြုစုပျိုးထောင်သွားပါမယ်။ လူငယ်များအတွက် အလုပ်အကိုင်သစ်များ ပေါ်ထွန်းလာရေး၊ တတ်သိပညာနဲ့အညီ ထူးချွန်မှုအလိုက် ပြည်တွင်းမှာသာမက နိုင်ငံတကာနယ်ပယ်မှာပါ ပညာဆည်းပူးနိုင်ခွင့်နဲ့ တာဝန်ထမ်းဆောင်ခွင့်ရရှိရေးတို့ကို ဆောင်ရွက်သွားပါမယ်။ မိမိတို့ပါတီအကျိုးအတွက် လူငယ်များကို ခုတုံးလုပ်အသုံးချမှုများကို ရှောင်ရှားသွားမှာဖြစ်ပါတယ်။

အမျိုးသမီးများနဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။ အမျိုးသမီးများဟာ တိုင်းပြည်ရဲ့ လူများစုကြီးဖြစ်တဲ့အပြင် နိုင်ငံအတွက်များစွာအရေးပါတဲ့ အင်အားစုကြီး ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ပါတီက အမျိုးသမီးများရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လေးစားတန်ဖိုးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အမျိုးသမီးများအနေနဲ့ အမျိုးသားများနဲ့ ကျား၊ မ မခွဲခြားတဲ့ တန်းတူအခွင့်အရေးရရှိစေရပါမယ်။ ထူးချွန်ထက်မြက်တဲ့ အမျိုးသမီးများပေါ်ထွန်းလာရေးနဲ့ အမျိုးသမီးများရဲ့ လူနေမှုဘဝမြင့်မားလာရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပြီး ပြည်တွင်း/ပြည်ပတို့မှာ အဆင့်မြင့်တာဝန်များ ထမ်းဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ အသိပညာရှင်၊ အတတ်ပညာရှင်များနဲ့ စီးပွားရေးလုပ်ငန်းရှင်များရဲ့ အခန်းကဏ္ဍဟာ လွန်စွာအရေးပါလှပါတယ်။ ဒါကြောင့် အသိပညာရှင်၊ အတတ်ပညာရှင်များဟာ အရည်အချင်းအလိုက် ထိုက်တန်တဲ့တာဝန်ထမ်းဆောင်ခွင့်နဲ့ အကျိုးခံစားခွင့်များ ရရှိစေရပါမယ်။

စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့လည်း ဥပဒေပါ ရပိုင်ခွင့်များကို တန်းတူညီမျှရရှိရေး၊ လုပ်ငန်းများ ဆောင်ရွက်ရာမှာ အထစ်အငေါ့၊ အဟန့်အတားကြန့်ကြာမှုနှင့် မသမာမှုကင်းစင်စေရေးနဲ့ ပြည်ပလုပ်ငန်းရှင်များနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးတို့ကို ဆောင်ရွက်ပါမယ်။ အသင်းအဖွဲ့များဖွဲ့ပြီး ပြည်တွင်း ပြည်ပ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခွင့်ရှိရေးတို့ကို လုပ်ဆောင်သွားပါမယ်။ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအဖြစ်လည်းကောင်း၊ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်တဲ့ စွမ်းဆောင်ရှင်များအဖြစ်လည်းကောင်း ပေါ်ထွက်လာရေးကို အားပေးပါမယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာမှာ တပ်မတော်နဲ့ လက်တွဲဆောင်ရွက်ရေးဟာ အလွန်အရေးပါတဲ့အချက်ဖြစ်တယ်လို့ ခံယူထားပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

ပြည်သူလူထုရဲ့ စားဝတ်နေရေးအဆင်ပြေအောင် ဦးတည်ဆောင်ရွက်သွားပါမယ်။ ဒ့ါအပြင် ဥပဒေပါခံစားခွင့်နဲ့ ရပိုင်ခွင့်များရရှိရေး၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှု၊ အကျင့်ပျက်မှု တိုက်ဖျက်ရေးတို့ကို ဆောင်ရွက်သွားပါမယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနဲ့ ယဉ်ကျေးမှုစတဲ့ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပါမယ်။

ပညာရေးနဲ့ စပ်လျဉ်းပြီး မူလတန်းပညာအခမဲ့မသင်မနေရစနစ် အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်ပါမယ်။ ထူးချွန်ထက်မြက်သူများအနေနဲ့ ပြည်တွင်း/ပြည်ပတို့မှာ ဆုံးခန်းတိုင် ပညာဆည်းပူးနိုင်အောင် ဆောင်ရွက်သွားပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ အရေးပါလှတဲ့ ဆရာ ဆရာမများရဲ့ ပညာအရည်အချင်းနဲ့ ဂုဏ်သိက္ခာမြင့်မားရေးကို ဆောင်ရွက်ပါမယ်။

ကျန်းမာရေးနဲ့ စပ်လျဉ်းပြီး ဆေးရုံ၊ဆေးခန်းများမှာ ဆေးဝါးနဲ့ ပစ္စည်း ကိရိယာများ ပြည့်စုံစွာထားရှိနိုင်ရေးနဲ့ ဆေးဝါးကုသရန် အခက်အခဲရှိသူများအတွက် ကူညီ ဆောင်ရွက်ရေးတို့ကို ဖော်ဆောင် သွားပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ တိုင်းရင်းဆေးဝါးများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကိုပါ အားပေးသွားမှာဖြစ်ပါတယ်။ အားကစားလုပ်ငန်း မြှင့်တင်ရေးကိုလည်း ဆောင်ရွက်သွားပါမယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

တစ်မျိုးသားလုံးရဲ့ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက **"လွတ်လပ်သော အမျိုးသားစီးပွားရေးမူဝါဒ"** ကို ချမှတ်ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ အဲဒီမူဝါဒအရ တိုင်းပြည်ရဲ့ ဓနဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ တစ်မျိုးသားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ဖြစ်ထွန်းလာတဲ့ အကျိုးအမြတ်များကို လူသားအချင်းချင်း စာနာမှုစိတ်ဓာတ်အခြေခံနဲ့ သဟဇာတမျှတအောင် ခွဲဝေခံစားကြရမယ့် လူမှုဘဝမျှတတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလဲ ခင်မင်ရင်းနှီးရာကောင်းစားရေးစနစ် မဖြစ်ပေါ်အောင် ကာကွယ်ဟန့်တားသွားမှာဖြစ်ပြီး နိုင်ငံတော်ရဲ့ သယံဇာတအရင်းအမြစ်များကို နောင်သားစဉ်မြေးဆက်တိုင်အောင် အကျိုးရှိစွာ အသုံးပြုနိုင်မယ့် အစီအမံများနဲ့ ဆောင်ရွက်ပါမယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား-**

တိုင်းရင်းသားလူမျိုးများ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို မိမိတို့ပါတီအနေဖြင့် ဦးထိပ်ပန်ဆင်ပြီး လေးစားတန်ဖိုးထားပါတယ်။ တိုင်းရင်းသားလူမျိုးများနဲ့ စပ်လျဉ်းပြီး မိမိတို့ပါတီရဲ့ သဘောထား ရပ်တည်ချက်များကတော့ - တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရည်တူရှိရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး၊ တိုင်းရင်းသားလူမျိုးတစ်မျိုးအနေနဲ့ ရှင်သန်ရပ်တည်ခွင့်ရှိရေးနဲ့ တိုင်းရင်းသားလူမျိုးများအတွင်း ညီညာသော ဖွံ့ဖြိုးတိုးတက်ခွင့်ရှိရေးတို့ကို လက်ခံကျင့်သုံးဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ အဲဒီ တိုင်းရင်းသားများရဲ့ လိုလားချက်များကို ဖြည့်အင်အားဟာ ပြည်တွင်းမှာသာရှိတယ်ဆိုတဲ့ ခံယူချက်နဲ့အညီ ပြည်တွင်းအင်အားစုအချင်းချင်း တွေ့ဆုံညှိနှိုင်း ဖြေရှင်းခြင်းက ပိုမိုကောင်းမွန်တဲ့ နည်းလမ်းလို့ မိမိတို့ပါတီက ခံယူပါတယ်။ ဒါကြောင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တွေ့ဆုံဆွေးနွေးဆောင်ရွက်ချက်များကို ကြိုဆိုထောက်ခံပါတယ်။ မိမိတို့ပါတီကလဲ အမျိုးသားရေးအင်အားစုများနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးများနဲ့ စပ်လျဉ်းပြီး မိမိတို့ပါတီဟာ ပြည်ထောင်စုနဲ့ ပြည်ထောင်စုအဖွဲ့ဝင်တို့ အပြန်အလှန် အကျိုးပြုကြပြီး သဟဇာတမျှတစွာ ပေါင်းစည်းညီညွတ်တဲ့ မြန်မာ့လူ့အဖွဲ့အစည်းဖြစ်လာရေးကို ရှေးရှုဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးသဘောထားတွေနဲ့အညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

မြန်မာနိုင်ငံဟာ ပထဝီအနေအထားအရ အချက်အချာကျတဲ့အပြင် မြေပေါ်မြေအောက် သယံဇာတပေါကြွယ်ဝမှုကြောင့် နိုင်ငံတကာက စိတ်ဝင်စားမှုရှိနေတဲ့ နိုင်ငံဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံခြားရေးနဲ့ ပတ်သက်လို့ လွတ်လပ်ပြီး တက်ကြွတဲ့နိုင်ငံခြားရေးဝါဒကို လက်ခံကျင့်သုံးသွားမှာဖြစ်ပါတယ်။ ဒီလိုကျင့်သုံးရာမှာ မြန်မာနိုင်ငံက အစဉ်တစိုက် ထိန်းသိမ်းကျင့်သုံးခဲ့တဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို လက်ကိုင်ထားပြီး နိုင်ငံတကာနဲ့ ပိုမိုထိတွေ့လျက် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံပါမယ်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနဲ့ မိတ်ဝတ်မပျက် ဆက်ဆံပြီး အိမ်နီးချင်းကောင်းပီသစွာ ရပ်တည်နေထိုင်သွားမှာဖြစ်ပါတယ်။ ကုလသမဂ္ဂနဲ့ နိုင်ငံတကာ အဖွဲ့အစည်းများမှာလဲ တက်ကြွစွာပါဝင်ပါမယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

မိမိတို့ပါတီဟာ ပြည်သူများကို ပေးထားတဲ့ ကတိကဝတ်များအတိုင်း လွှတ်တော်တွင်း လွှတ်တော်ပနည်းလမ်းများနဲ့ တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့ကိုယ်စားလှယ်များ တိုးတက်ရရှိလာတာနဲ့အမျှ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးကို ပိုမိုဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

ရွေးကောက်ပွဲဟာ ပြည်သူတွေအတွက် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်တဲ့ အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ ပြည်သူ့ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန် ရွေးချယ်တင်မြှောက်နိုင်ကြဖို့ အရေးကြီးပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်ပြည်သူများက နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးကို အမှန်တကယ် သယ်ပိုးပေးနိုင်မယ့် လူတော်လူကောင်းတွေကို ဆန္ဒပေးရွေးချယ်ပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၈-၃-၂၀၁၂ (ကြာသပတေးနေ့)

၇း၀၅ တရားတော်
၈း၁၅ မှတ်တမ်း
၄း၂၀ လျှပ်တစ်ပြက်
၅း၁၀ သာယာသီကြွေး
ခေတ်ဆန်းတေး
၅း၃၀ **ရသစုံလင်**
**ရုပ်မြင်ဇာတ်လမ်း**
**-မာယာနတ်ခမ်း**
**(အပိုင်း-၁၅၀)**
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၃၀ ထူးဆန်းထွေလာ
မျက်လှည့်ပညာ
၆း၄၅ ကာတွန်းအစီအစဉ်
-စူပါဟမ်းစတား
(အပိုင်း-၃၁)
၇း၀၀ **ရသစုံလင်**
**ရုပ်မြင်ဇာတ်လမ်း**
**-သစ္စာစေတမန်**
**(အပိုင်း-၂၄) (ဇာတ်သိမ်း)**
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- နိုင်ငံရေးပါတီများ
ဟောပြောချက်
-ကိုးကန့်ဒီမိုကရေစီနှင့်
ညီညွတ်ရေးပါတီ
-ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
(PNO)
- အနုပညာရှင်၏တစ်နေ့တာ
- ကုန်သွယ်သုတ
- ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
**- ရသစုံလင်**
**ရုပ်မြင်ဇာတ်လမ်း**
**- ၄က်ကလေးရဲ့ကွန်းခိုရာ**
**(အပိုင်း-၁၇)**
**- ရသစုံလင်**
**ရုပ်မြင်ဇာတ်လမ်း**
**- သမုဒယနှောင်ကြိုး**
**(အပိုင်း-၉)**

# လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၇

**လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးယောသပ်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို မတ် ၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**လေးစားအပ်ပါသော ရေဒီယိုနှင့် ရုပ်မြင်သံကြားဖန်သားပြင်ပေါ် ကြည့်ရှုအားပေးကြပါသော မိဘပြည်သူ ပရိသတ်အပေါင်းတို့ခင်ဗျာ. . .** ယခုလို ရေဒီယိုနှင့် ရုပ်မြင်သံကြားဖန်သားပြင်ပေါ် မိမိတို့ရဲ့ မူဝါဒသဘောထားနဲ့ လုပ်ငန်းစဉ်များကို စည်းရုံးဟောပြောထုတ်လွှင့်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်တင်ပြခွင့်ပေးတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပဏာမပြောကြားလိုပါတယ်။

ကျွန်တော့်နာမည်ကတော့ ဦးယောသပ်ဖြစ်ပါတယ်။ "လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"ရဲ့ ဒုတိယဥက္ကဋ္ဌ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မဲဆန္ဒနယ်အမှတ်(၃)၊ အမျိုးသားလွှတ်တော် လစ်လပ်နေရာတွင် ကျွန်တော်ကိုယ်တိုင် ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ "လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"ရဲ့ မူဝါဒသဘောထားများကို ရှေးဦးစွာ တင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ "လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"ရဲ့ မူဝါဒသဘောထားများမှာ . . .

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ ခေတ်မီတိုးတက်သည့် နိုင်ငံတော်ကြီးတစ်ရပ်အဖြစ် တည်ဆောက်ရာတွင် စစ်မှန်သောဒီမိုကရေစီစနစ်ကို လိုက်နာကျင့်သုံးမှသာ အောင်မြင်မှုရရှိမည်ဟု မိမိတို့ပါတီအနေဖြင့် ယုံကြည်ပါတယ်။

ယင်းကဲ့သို့ ဒီမိုကရေစီနှင့် ကျင့်သုံးသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် လားဟူအမျိုးသားများနေထိုင်ရာ ဒေသအတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ စည်းလုံးညီညွတ်မှုအင်အားကိုရယူနိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်ရန် "လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"ကို ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို လားဟူဘာသာဖြင့် (လားဟူချောကျူအူ လာမူလာတူ ပါတီ) ဟူ၍လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် (Lahu National Development Party) ဟုခေါ်ဆိုပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အလံတော်အကြောင်းကို တင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အလံသည် အလျား ၅ ပေ၊ အနံ ၂ ဒသမ ၅ ပေ ရှိပြီး အလံတစ်ခုလုံးရဲ့ရှေ့မှာ အဖြူရောင်သုံးနားညီ တြိဂံထောင်ထားပါတယ်။ အနီရောင်နဲ့ မိုးပြာရောင်တို့ဟာ အလံရဲ့အလျားလိုက် ထက်ဝက်စီဖြင့် အရောင်ခြယ်ထားပါတယ်။

ထောင်ထားတဲ့ သုံးနားညီတြိဂံရဲ့ အဖြူရောင်နောက်ခံပြီး လားဟူရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာ အစဉ်အဆက်အသုံးပြုသော ဘူးခါးပလွေနှစ်ခုကို ကြက်ခြေခတ်ပုံစံဖြင့် ထောင်ထား၍ ကြက်ခြေခတ်ဆုံတဲ့နေရာတွင် စပါးနှံတစ်နှံ ထောင်ထားပြီး စပါးနှံထိပ်တွင် ကြယ်နီတစ်ပွင့် ရှိပါတယ်။

အလံရဲ့ အဓိပ္ပာယ်ဖော်ပြချက်ကတော့ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံတွင် ပါဝင်သော အဖြူရောင်၊ တြိဂံ၊ ဘူးခါးပလွေ၊ စပါးနှံနှင့် ကြယ်နီတစ်ပွင့်တို့ရဲ့ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

- **အဖြူရောင်ကတော့** ဖြူစင်သန့်ရှင်းခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ကတိသစ္စာရှိခြင်း အသွင်ကို ဆောင်ပါတယ်။ **အနီရောင်ကတော့** ရဲစွမ်းသတ္တိရှိခြင်း၊ နိုးကြားတက်ကြွခြင်း၊ ရဲရင့်တည်ကြည်ခြင်းကို ဖော်ဆောင်ပြီး **မိုးပြာရောင်ကတော့** ကြည်လင်အေးမြခြင်း၊ ငြိမ်သက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ကို ဖော်ညွှန်းပါတယ်။
- **တြိဂံသည်** လားဟူအမျိုးသားများ၏ ဘုရားတရားကို သက်ဝင်ယုံကြည်ကိုင်းရှိုင်းခြင်း၊ မျိုးချစ်စိတ်ရှိခြင်းနှင့် အမိနိုင်ငံတော်ကို ချစ်မြတ်နိုးခြင်းတို့ကို ဆိုလိုပါတယ်။
- **ဘူးခါးပလွေကတော့** ခေတ်အဆက်ဆက်မှ လားဟူအမျိုးသားတို့ရဲ့ ရိုးရာယဉ်ကျေးမှု၊ စည်းလုံးညီညွတ်မှုအသွင်ဆောင်လျက် အထွတ်အမြတ်ထားခြင်း၊ ကတိသစ္စာရှိခြင်း၊ မည်သည့်နေ့ထူးနေ့မြတ် ပွဲလမ်းသဘင်တွင်မဆို ဘူးခါးပလွေတီးမှုတ်လျက် တစည်းတလုံးတည်းဖြင့် ဂုဏ်ပြုကခုန်ပြီး စည်းလုံးညီညွတ်မှုကို ခံယူပါတယ်။
- **စပါးနှံသည်** လားဟူအမျိုးသားတို့ရဲ့ ဘိုးဘေးဘီဘင် ခေတ်အဆက်ဆက် အသက်မွေးဝမ်းကျောင်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းကို ဦးထိပ်ထားလျက် ဖွံ့ဖြိုးတိုးတက်ရေးအသွင်ကို ဆောင်ပါတယ်။
- **ကြယ်နီတစ်ပွင့်ကတော့** လားဟူအမျိုးသားအားလုံး ကိုယ်စားပြုတဲ့ ကြယ်နီတစ်ပွင့် ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ စည်းတံဆိပ်မှာ အဝိုင်းပုံဖြစ်ပြီး ထိပ်ဆုံး၌ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဟူ၍ မြန်မာဘာသာဖြင့် ရေးသားထားပြီး အောက်ပိုင်းတွင် လားဟူဘာသာဖြင့် ရေးသားထားပါတယ်။ မြန်မာဘာသာနှင့် လားဟူဘာသာစပ်ကြား တစ်ဖက်တစ်ချက်တွင် ကြယ်တစ်ပွင့်စီပါရှိပါတယ်။ တံဆိပ်၏ အလယ်ဗဟိုတွင် လားဟူရိုးရာယဉ်ကျေးမှုရဲ့ အထွတ်အမြတ်ဖြစ်သော ဘူးခါးပလွေနှစ်ခုကို ကြက်ခြေခတ်ထားပြီး ကြက်ခြေခတ်ဆုံတဲ့နေရာတွင် မှည့်ဝင်းနေသော စပါးနှံတစ်နှံကို ထောင်ထားပါတယ်။ စပါးနှံရဲ့ထိပ်တွင် ကြယ်တစ်ပွင့်ပါရှိပါတယ်။ ကြက်ခြေခတ်ပုံစံဖြင့် ထောင်ထားသည့် ဘူးခါးပလွေအောက်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုကောက်ဖြစ်သော (LNDP) စာလုံးကို ရေးသားထားပါတယ်။

ကျွန်တော်တို့ပါတီရဲ့ ရည်ရွယ်ချက်မှာ-

- ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံတော်၏ နယ်နိမိတ်အတိုင်း နိုင်ငံတစ်ဝန်းလုံးတွင် တည်ရှိစေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲရေး၊ မြန်မာ့လွတ်လပ်ရေး အခွန့်ရှည်ရေး စသည်တို့ကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားရန်။
- လားဟူတိုင်းရင်းသားလူမျိုးစုရဲ့ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ၊ အနုပညာဖွံ့ဖြိုးတိုးတက် ဆန်းသစ်ရှင်သန်လာအောင် ပြုစုပျိုးထောင်သွားရန်။
- နိုင်ငံသားတိုင်း အခွင့်အရေးတန်းတူရရှိမှုနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စည်းရုံးရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရန်။
- တစ်မျိုးသားလုံး၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် ခေတ်အဆက်ဆက်မှ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိသော လားဟူအမျိုးသားများ နေထိုင်ရာဒေသ၏ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်အောင် ဆောင်ရွက်သွားရန်။
- နိုင်ငံတော်နှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံများမှ အကျိုးရှိမည့် အတွေ့အကြုံများ၊ လုပ်နည်း လုပ်ဟန်များကို ရယူကျင့်သုံး အကောင်အထည်ဖော်သွားရန် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။



ကျွန်တော်တို့ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်တင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်များမှာ-

- ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လားဟူအမျိုးသားများနေထိုင်ရာ ဒေသအတွင်းရှိ နယ်သူနယ်သားများအား နိုးကြားတက်ကြွသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စည်းရုံးရေး အမြင်ရှိလာစေရန်နှင့် မိမိတို့နိုင်ငံရေးပါတီ၏ ဂုဏ်သိက္ခာ အစဉ်အမြဲ တိုးတက်ရှင်သန်လာစေရေးအတွက် စည်းရုံးလေ့ကျင့် ပြုစုပျိုးထောင်သွားမည်။
- တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးနှင့် နယ်မြေဒေသ၏ တိုးတက်ရေး၊ လူသားအားလုံးကို ဆင်းရဲဒုက္ခရောက်စေသော အကြမ်းဖက်စနစ်ကို စွန့်လွှတ်ပြီး တရားမျှတ၍ ငြိမ်းချမ်းသော ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဥပဒေဘောင်အတွင်း မှန်ကန်စွာဖြင့် အဖြေရှာနိုင်ရေးအတွက် စည်းရုံးသိမ်းသွင်း လုပ်ဆောင်သွားမည်။
- မိမိပါတီအနေဖြင့် ရည်ရွယ်ချက်၊ ခံယူချက်နှင့် အတွေးအခေါ် အမြော်အမြင်တူညီသော မည်သည့် နိုင်ငံရေးပါတီအဖွဲ့အစည်းနှင့်မဆို တန်းတူရည်တူ ရင်းနှီးစွာ ဆက်ဆံပြီး အခါအားလျော်စွာ ပေါင်းစည်းခြင်း၊ မဟာမိတ်ဖွဲ့ခြင်း၊ ရိုင်းပင်းကူညီခြင်းများ ပြုလုပ်သွားမည်။
- မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး၊ ဘိန်းတို့ကို နယ်သူနယ်သားများက ဘိုးဘေးဘီဘင် အစဉ်အလာဖြင့် အဓိကစီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် လုပ်ကိုင်ခဲ့သည်ကို လက်တွေ့ပပျောက်သွားစေရန်နှင့် ဘိန်းအစားပြည်တွင်း ပြည်ပသို့ တင်ပို့နိုင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို ရှာဖွေဖော်ထုတ်၍ အသက်မွေးဝမ်းကျောင်းတစ်ရပ်အဖြစ် လုပ်ကိုင်စားသောက်ရန် စည်းရုံးသွားမည်။ ထိုကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ဆောင်ရွက်ရာ၌ လိုအပ်လျက်ရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေဖော်ထုတ် ဆောင်ရွက်သွားမည်။
- လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးပြီး နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ကျင့်သုံးသွားမည်။
- လားဟူတိုင်းရင်းသားလူမျိုးစု၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာအနုပညာများကို ဖော်ထုတ်ပြီး တိုးတက်ဆန်းသစ်ရှင်သန်လာအောင် ပြုစုပျိုးထောင်သွားမည်။
- အရပ်ဒေသတစ်ခုနှင့် တစ်ခု အလွယ်တကူသွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းအား တိုးချဲ့ပြုပြင်လုပ်ကိုင်ဆောင်ရွက်သွားမည်။ ဆင်းရဲချမ်းသာမရွေး၊ လူတိုင်း အခမဲ့ဆေးဝါးကုသမှုရရှိရေးအတွက် ဆောင်ရွက်သွားမည်၊ လူတိုင်းပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များကို စည်းရုံးဟောပြော တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

## ဓာတ်အားအနည်းငယ်သာအသုံးပြုသော မိသားစုလုပ်ငန်းများ အိမ်သုံးမီတာနှုန်းဖြင့် ဓာတ်အားခကောက်ခံရန် လျှောက်ထားနိုင်

**မန္တလေး မတ် ၇**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ဓာတ်အားသုံးစွဲခများကို နှုန်းထားအသစ်များဖြင့် သတ်မှတ်ကောက်ခံလျက်ရှိသည်။ အစိုးရဌာနများ၏ ဓာတ်အားသုံးစွဲမှုအားလုံးကို တစ်ယူနစ်လျှင် ၃၅ ကျပ်နှုန်း၊ အများပြည်သူများ၏ ဓာတ်အားသုံးစွဲမှုတွင် အထွေထွေအိမ်သုံး၊ အိမ်သုံးပါဝါနှင့် လမ်းမီးအတွက် တစ်ယူနစ် ၃၅ ကျပ်နှုန်း၊ စက်မှုလက်မှုသုံး၊ စီးပွားရေးလုပ်ငန်းသုံးနှင့် ယာယီသုံးစွဲခြင်းအတွက် တစ်ယူနစ် ၇၅ ကျပ်နှုန်းတို့ဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့် ဓာတ်အားသုံးစွဲသူများအတွက် တစ်ယူနစ် US$ (.012) ဒေါ်လာနှုန်းဖြင့်လည်းကောင်း သတ်မှတ်ကောက်ခံလျက်ရှိသည်။

အိမ်သုံးမီတာဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုများသောကုမ္ပဏီ၊ အရောင်းဆိုင်ကြီးများနှင့် လျှပ်စစ်ဓာတ်အားကို တိုက်ရိုက်အသုံးပြုသော လုပ်ငန်းများကို ၇၅ ကျပ်နှုန်းကောက်ခံသော်လည်း ဓာတ်အားသုံးစွဲသူများ၊ အိမ်သုံးသီးသန့်အတွက် ၃၅ ကျပ်နှုန်းဖြင့်ခွဲခြား မီတာခပေးဆောင်လိုပါက သီးခြားတပ်ဆင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

စီးပွားရေးလုပ်ငန်းကြီးမဟုတ်ဘဲ လျှပ်စစ်ဓာတ်အားအနည်းငယ်သာအသုံးပြု၍ အိမ်နှင့်တွဲဖက်လုပ်ကိုင်သော တစ်နိုင်တစ်ပိုင် မိသားစုလုပ်ငန်းငယ်များအား တစ်ယူနစ် ၃၅ ကျပ်သာ စည်းကြပ်ကောက်ခံမည်ဖြစ်ရာ ၇၅ ကျပ်နှုန်း ပေးဆောင်နေရပါက သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများတွင် ပြောင်းလဲကောက်ခံပေးရန် လျှောက်ထားနိုင်သည်။

လျှောက်ထားရာတွင် မီတာအမှတ်၊ စာရင်းအမှတ်၊ ဓာတ်အားသုံးစွဲသူအမည်၊ နေရပ်လိပ်စာ၊ အခြားစီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းလုံးဝသုံးစွဲခြင်းမရှိကြောင်း ကာယကံရှင်ဝန်ခံချက်၊ ယခင်ဓာတ်အားခတောင်းခံလွှာ၊ ငွေသွင်းပြေစာတို့ဖြင့် လျှောက်ထားနိုင်ပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများက ကွင်းဆင်းစစ်ဆေး၍ လျှောက်ထားမှုမှန်ကန်ပါက တစ်ယူနစ် ၃၅ ကျပ်နှုန်းဖြင့် ပြောင်းလဲကောက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## C အုပ်စု အခြေခံကျွမ်းဘားနည်းပြနှင့် ဒိုင်သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် မတ် ၇**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာန၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်က ပြုလုပ်သော C အုပ်စုအဆင့် အခြေခံကျွမ်းဘားနည်းပြနှင့် ဒိုင်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ကျင်းပခဲ့သည်။

ယင်းသင်တန်းမှ အဆင့်မီသူများအား နေပြည်တော်တွင် ထပ်မံ၍ အဆင့်မြင့်သင်တန်းများ ပို့ချကာ ထူးချွန်သူများအား နိုင်ငံတကာအသိအမှတ်ပြု အပြည်ပြည်ဆိုင်ရာ နည်းပြနှင့် ဒိုင်သင်တန်းများသို့ ဆက်လက်စေလွှတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

### ၈-၃-၂၀၁၂ (ကြာသပတေးနေ့)

| | |
|---|---|
| ၅း၄၀ | "အသိတစ်လုံးအပြုံးကိုယ်စီ" တရားတော် (သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ) |
| ၆း၂၅ | ထင်ရှားဖူးမြော် ပင်းတယ ရွှေဥမင်သဘာဝလိုဏ်ဂူတော် |
| ၉း၃၅ | Intellectual Talk (Change Management) (ဒေါက်တာအောင်ထွန်းသက်၊ ကိုကိုလှိုင်) |
| ၁၀း၃၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၁း၀၀ | ရန်ကုန်မြင်ကွင်းကျယ် (LG Dealer Conference 2012) |
| ၁၂း၄၅ | ကျေးဇူးတရားထွန်းကားရာ "ဗုဒ္ဓဂယာ" |
| ၂း၅၀ | ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း |
| ၆း၁၅ | ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးအလုပ်ရုံဆွေးနွေးပွဲ |
| ၆း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၁၅)** |
| ၇း၁၅ | Style ရှိမှ Star ဖြစ်မယ် |
| ၉း၂၀ | The Shop Around The Corner (Part-39) |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှန်ရာ" (အပိုင်း-၉၂)** |
| ၁၀း၂၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့်လှစေသူ" (အပိုင်း-၇)** |
| ၁၁း၁၅ | နာတာရှည်ကျောက်ကပ် အလုပ်မလုပ် (သို့)အားနည်းရောဂါအကြောင်း(ပါမောက္ခဒေါက်တာ ခင်မောင်ဌေး) |
| ၁၂း၃၅ | တိုင်းရင်းစုံညီပျိုမဒီ တီထွင်ဆင်သရိုးရာအလှ |
| ၁း၃၅ | အန္တရာယ်ကင်းသော မိခင်ဘဝ (ဒေါက်တာသိန်းသိန်းဌေး) |
| ၂း၀၅ | လောကရဲ့အလှရတနာ (ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ) |
| ၂း၄၀ | မြန်မာကြိုက်နံ့သာဖြူပရုတ်ဆီ |



**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**○ ကျောဖုံးမှ**

ဆင်စွယ်ပွတ်ရပ်ကွက် မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇနပတိ၊ ရှမ်းပြည်နယ် ကျောက်မဲမြို့ အမှတ်(၃) ရပ်ကွက် သဒ္ဓမ္မပါလ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝေပုလ္လနှင့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့ အမှတ်(၅) နေချင်စရာရပ်ကွက် သာသနဇောတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ Fa Yuan Si ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တချွမ်ရင် (Ven. Chuan Yin)၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကွဲ့ကန်ကျေးရွာ ကွဲ့ကန်ကျောင်းဆရာတော် ဘဒ္ဒန္တကုမာရနှင့် ကယားပြည်နယ် ဒီမောဆိုမြို့နယ် ငွေတောင်စံပြကျေးရွာ ငွေတောင်ပြည် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ သိရိန္ဒာစာရတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုးက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် အင်္ဂလန်နိုင်ငံ London မြို့ Kingsbury Road, အမှတ် 309-311m တိသာဗုဒ္ဓဘာသာစင်တာ ဆရာတော် ဘဒ္ဒန္တပိယဒဿီထေရ် (Ven. Galayae Piyadassi Thero)၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ဥဿာသီရိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ သူရိယနှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ခေမဝတီကျောင်းဆရာတော် ဘဒ္ဒန္တကေသရတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် လိမ်ပင်ကျေးရွာ ရွှေဘုံသာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညိန္ဒ၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မင်းကုန်းစံပြကျေးရွာ တပ်ဦးမင်းကုန်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော် ဘဒ္ဒန္တပညာသာရနှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ရွှေပြည်တိုက် ပုလဲမြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော် ဘဒ္ဒန္တဇာနေယျတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှ‌ဌေးဝင်းတို့က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော် ကောင်စီဝင်များက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယနှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက် သမိဒ္ဓေါဒယကျောင်းတိုက်ဆရာကြီး ဒေါ်ဆန္ဒာဘာဂီနှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက် ခေမေသကချောင် ဆရာကြီး ဒေါ်ဝဇိရာနန္ဒီတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်းက မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ရှင်ဖြူရှင်လှကျေးရွာ သာသနာ့ဗိမာန်စာသင်တိုက်ဆရာကြီး ဒေါ်အစ္ဆရိယဉာဏီနှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❁



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ဆက်ကပ်လှူဒါန်း**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)



**ဆက်ကပ်လှူဒါန်း**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

❀ စာမျက်နှာ ၆ မှ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ သီဟ သူရ ဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပေါင်းကူညာဏရပ်ကွက် မြသိင်္ဂီသီလရှင်စာသင်တိုက် သီလရှင်သင်ပညာရေးကျောင်း(ပရဟိတ)ဆရာကြီး ဒေါ်သီလဝတီတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်က ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ Kathmandu KIMDOL ကျောင်းတိုက် ဆရာကြီး ဒေါက်တာဒေါ်မောဋ္ဌိနီနှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကရပ်ပြင်ရပ်ကွက် ရတနာမာရ်အောင် သီလရှင်စာသင်တိုက် ဆရာကြီး ဒေါ်ခေမာသိင်္ဂီတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်က ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လယ်တီရပ်ကွက် ခေသုဝတီသီလရှင်စာသင်တိုက် ဆရာကြီး ဒေါ်ဓမ္မသီနှင့် ရှမ်းပြည်နယ် လားရှိုးမြို့ အမှတ်(၈) အောင်သီတာရပ်ကွက် သာသနဟိတကာရီ သီလရှင်ပရိယတ္တိစာသင်တိုက်ဆရာကြီး ဒေါ်သုနန္ဒီတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိကြသည့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ ဦးမြင့်သိန်း၊ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်နေ ဦးကျော်ခင်မြင့်နှင့် သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသည့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ ဦးခင်မောင်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ယင်းနောက် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးက သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်နေ ဒေါက်တာစိုးမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ ဦးကျော်စိုးဝင်း(ခ)ဦးခန့်စည်သူနှင့် သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်နေ ဦးကြည်မောင်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်နေ ဦးဌေးလှိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ဦးမျိုးဆက်၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိသည့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ ဦးကျော်ဝေတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ရရှိသည့် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်ခင်ချိုအုံး၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ဒေါ်ဝင်းဝင်းဌေး(ခ)မငယ်နှင့် သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ရရှိသည့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ ဒေါ်စန်းကြူတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ယင်းနောက် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်းက သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ရရှိသည့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ ဒေါ်ဆွေသဇင်၊ သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ရရှိသည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နေ ဒေါ်စမ်းစမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)





ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မန္တလေးစည်ပင်မှ အရာထမ်းများအား တွေ့ဆုံမှာကြား

**နေပြည်တော် မတ် ၇**

မြို့တော်စည်ပင်သာယာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများ စိတ်ချမ်းသာမှုရှိစေရန်၊ ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် အလေးထားဆောင်ရွက်ရန်၊ စည်ပင်သာယာလုပ်ငန်းများ ဆောင်ရွက်ရာ၌ မှန်ကန်မြန်ဆန်စွာဖြင့် စနစ်တကျ ဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် မတ် ၅ ရက် ညနေ ၃ နာရီတွင် မြို့တော်ခန်းမ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အရာထမ်းများအား တွေ့ဆုံရာ၌ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ အဓိက ရည်ရွယ်ချက်ဖြစ်သည့် မန္တလေးမြို့တော်သန့်ရှင်းရမည်၊ သာယာလှပရမည်၊ မြို့တော်နေလူထု စိတ်ချမ်းသာရမည်ဆိုသည့် ဆောင်ပုဒ်အတိုင်း အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့တော်စည်ပင်ဝန်ထမ်းများအနေဖြင့် မြို့နေလူထု စိတ်အေးချမ်းသာစွာဖြင့် နေနိုင်စေရေးအတွက် အလေးထားဆောင်ရွက်ပေးခြင်းဖြင့် ကော်မတီ၏ အကောင်းဆုံးဆောင်ရွက်ချက်ကို ပုံဖော်နိုင်မည်ဟု ယုံကြည်ကြောင်းဖြင့်လည်း မှာကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

## မြေပုံရေးဆွဲနည်း ဆင့်ပွားသင်တန်းဖွင့်

**နေပြည်တော် မတ် ၇**

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြေပုံရေးဆွဲနည်း ဆင့်ပွားသင်တန်း(၁/၂၀၁၂)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် မြစ်ကြီးနားခရိုင်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဆွေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဦးစီးအရာရှိ ဦးမြင့်သန်းက သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြစ်ကြီးနားခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဆင့်မြင့်ပညာကဏ္ဍနှင့် သိပ္ပံနှင့် နည်းပညာကဏ္ဍ မြှင့်တင်ဆောင်ရွက်ပေးနိုင်မှုအခြေအနေ





ရှမ်းပြည်နယ် ကျိုင်းတုံမြို့တွင် တည်ထောင်ဖွင့်လှစ်ပေးထားသော ကျိုင်းတုံတက္ကသိုလ်တွင် ဒေသခံတိုင်းရင်းသားပြည်သူများ အဆင့်မြင့်ပညာများကို အိုးမကွာ အိမ်မကွာ သင်ယူလျက်ရှိသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့တွင် ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)ကို တည်ထောင်ဖွင့်လှစ်ပေးနိုင်သဖြင့် ဒေသခံတိုင်းရင်းသားလူငယ်များအနေဖြင့် ယခုအခါ မိမိတို့ဒေသတွင်းမှာပင် လက်လှမ်းတမီ ပညာဆည်းပူးခွင့်ရနေပြီဖြစ်သည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့တွင် နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)ကို တည်ဆောက်ဖွင့်လှစ်ပေးထားရာ ဒေသတွင်း၌ နည်းပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာသည်။



ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌ တည်ဆောက် ဖွင့်လှစ်ပေးထားသည့် အခြေခံပညာကျောင်းများမှ ထူးချွန်စွာ အောင်မြင်သူများမှာ အဆင့်မြင့်နည်းပညာ ကျောင်းများတွင် ဆက်လက်ပညာသင်ကြားနိုင်သည်။



- ✳ ရှမ်းပြည်နယ်သည် ကျယ်ဝန်းသော ပြည်နယ်တစ်ခုဖြစ်သည်။ ပြည်နယ်၏ အကျယ်အဝန်းအရ ဖွံ့ဖြိုးတိုးတက်မှု ကွက်လပ်မကျန်စေရေးအတွက် နိုင်ငံတော်က တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံနှင့် ပင်လုံဟူ၍ ဖွံ့ဖြိုးရေးဒေသကြီးလေးခု သတ်မှတ်ဖော်ဆောင်ပေးလျက်ရှိပြီး အဆိုပါဒေသများတွင် တက္ကသိုလ်တစ်ခုစီ၊ နည်းပညာတက္ကသိုလ်တစ်ခုစီ၊ ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ ထူထောင်ပေးခဲ့သည်။
- ✳ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့တွင် ကွန်ပျူတာ၊ နည်းပညာနှင့် ဝိဇ္ဇာ သိပ္ပံကျောင်းတစ်ကျောင်းစီ တည်ဆောက်ဖွင့်လှစ်ပေးထားသဖြင့် အသိပညာ၊ အတတ်ပညာတတ်မြောက်သော လူ့စွမ်းအားအရင်းအမြစ်များ ပြည်နယ်အတွင်း တိုးပွားလာသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

◆ရှေ့ဖုံးမှ

ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သာသနာရေးဝန်ကြီးဌာနမှဝန်ထမ်းများ၊ သာသနာပြုဘွဲ့ရရှိကြသည့် ပြည်တွင်း ပြည်ပလူပုဂ္ဂိုလ်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားမစတင်မီ နံနက် ၁၁ နာရီမှစတင်၍ ယဉ်ကျေးမှုဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းအဖွဲ့က ဓမ္မပူဇာသီချင်းများဖြင့် သီကျူးတီးခတ်ဖျော်ဖြေသည်။

ထို့နောက် နံနက် ၁၁ နာရီခွဲတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများ၊

**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့ အမှူးပြုသော ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။** (သတင်းစဉ်)





အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား တာဝန်ရှိသူများက သာသနာ့မဟာဗိမာန်တော်ကြီး၏ သတ်မှတ်ထားသည့်နေရာတွင် ကြိုတင်ပင့်ဆောင်ကြပြီး ကျန်ဘွဲ့ခံဆရာတော်များ၊ သီလရှင်ဆရာကြီးများနှင့် သာသနာနုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ်များအား သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းရှိ သတ်မှတ်နေရာအသီးသီးတို့၌ နေရာချထားပေးကြသည်။

ယင်းနောက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ဦးဆောင်သော တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား သာသနာ့မဟာဗိမာန်တော်ကြီး မင်္ဂလာနတ်လမ်းအတိုင်း ခမ်းနားထည်ဝါစွာ ပင့်ဆောင်ကြရာ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သာသနာ့အလံ၊ အောင်သပြေစိုက်ငွေဖလား၊ နိုင်ငံတော်သံဃမဟာနာယက ဆိုင်းဘုတ်နှင့် တိပိဋကဓရ တိပိဋကကောဝိဒ ဆိုင်းဘုတ်တို့ကို ကိုင်ဆောင်လျက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများအား ပင့်ဆောင်ကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီးလေးပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်အလှူခံယူမည့် ဆရာတော်ကြီးလေးပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်အလှူခံယူမည့် ဆရာတော်ကြီး ၁၀ ပါး၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး ၁၅ ပါးတို့အား ပင့်ဆောင်ကြသည်။

ထိုအချိန်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းအဖွဲ့က ရောင်ခြည်တော်ဖွဲ့သီချင်းကြီးဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်ကြသည့်အပြင် သာသနာ့မဟာဗိမာန်တော်ကြီးအတွင်း သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူထားကြသော ပရိသတ်များက လက်အုပ်ချီမိုးလျက် ရှိခိုးဂါရဝပြုကြည်ညိုကြသည်။

မဟာမင်္ဂလာအခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် စတင်ကျင်းပရာ ရှေးဦးစွာ အခမ်းအနားမှူး သာသနာရေးဦးစီးဌာနမှ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မဟာမင်္ဂလာအခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင် ခိုင်ဇင်ရွှေက ဗုဒ္ဓရောင်ခြည်တော်ဖွဲ့ ထူးမခြားနားသီချင်းခံကို မြန်မာ့ရိုးရာမင်္ဂလာရွှေစောင်းနှင့်တွဲဖက်၍ သီဆိုပူဇော်သည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တတေဇောသာရာဘိဝံသက သမ္မောဒနီယ ဩဝါဒကထာကို ချီးမြှင့်ဖတ်ကြားတော်မူသည်။

ယင်းနောက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို လှူဒါန်းကြရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသည့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် မစိုးရိမ်တိုက် နိကာယနယူပဒေသကျောင်းဆရာတော် ဘဒ္ဒန္တတေဇောသာရာဘိဝံသနှင့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ကနောင်စုရပ်ကွက် မဟိတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် (၁၀)ရပ်ကွက် မြသိန်းတန် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကေသရနှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသံဝရတို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ဝါးချက်ကျေးရွာ မဟာရတနာဘုံစံ မြတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မာလောက၊ ရခိုင်ပြည်နယ် စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက် ကျားရုပ်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇယန္တနှင့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာအနောက်ရပ်ကွက် မြတောင်တိုက် ပိဋကတ်တော်ပြန့်ပွားရေးကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် သီရိလင်္ကာနိုင်ငံ Maligaspe, Galle မြို့ဆုဘဒ္ဒရာ ရာမပုရာဏကျောင်းတိုက်ဆရာတော် Subadrarama Purana ဘဒ္ဒန္တသီရိသုမနဇောတိထေရ် (Ven. Pallтthara Sri Sumanajothi Thero)၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၁၄)ရပ်ကွက် မြစည်းခုံပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိဇယနှင့် နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဓမ္မသာရတို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ စက်ရုံရပ် အနောက်ကျောင်းကြီး ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တမဏ္ဍလ၊ ရှမ်းပြည်နယ် နမ့်ခမ်းမြို့ ဒက္ခိဏာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒာစရိယနှင့် လာအိုနိုင်ငံ Vien g Kham Disstrict, Pakkayoung Village, Vengchan Province ဆရာတော်ဘဒ္ဒန္တဆေစမန်း တက်မိုနီသွန်း (Ven . Sayaamone Tepmounithone) တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❍